**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ်၊ ၂ /၂၀၁၈**

**၁၃၈၀ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် )**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့တွင်လစ်လပ်လျက်ရှိသော လစာနှုန်း(၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀)အဆင့် အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | လက်ထောက်ဆရာဝန် | ၂၀၀၀ နေရာ | M.B.,B.S. (ဆေးပညာဘွဲ့) |
| (ခ) | ဦးစီးအရာရှိ(သွားကျန်းမာ) | ၁၅၀ နေရာ | B.D.S.(သွားဘက်ဆိုင်ရာဆေးပညာဘွဲ့) |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) ၁၄- ၉ -၂၀၁၈ရက်နေ့တွင် အသက် ၃၅ နှစ် ထက်မကျော်လွန်သူ ဖြစ်ရမည်၊

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဃ) လက်ထောက်ဆရာဝန်ရာထူးအတွက် လျှောက်လွှာပိတ်ရက်တွင် M.B.,B.S. (ဆေးပညာဘွဲ့)ရရှိပြီးသူဖြစ်ပြီးလက်ရှိတရားဝင်ဆရာဝန်အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ)ကိုင်ဆောင်ထားသူဖြစ်ရမည်၊

(င) ဦးစီးအရာရှိ(သွားကျန်းမာ)ရာထူးအတွက် လျှောက်လွှာပိတ်ရက်တွင် B.D.S. (သွားဘက်ဆိုင်ရာဆေးပညာဘွဲ့)ရရှိပြီးလက်ရှိတရားဝင်သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မှတ်ပုံတင်(သခ)ကိုင်ဆောင်ထားသူဖြစ်ရမည်၊

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရန်ကုန်ရုံးခွဲ၊ အမှတ်(၆၅)၊အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်(သို့မဟုတ်)တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ဝယ်ယူနိုင်ပြီး ၁၄-၉-၂၀၁၈ ရက်နေ့အရောက်လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။

၂/သို့

၄။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ကျပ်၅၀၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၁၄-၉-၂၀၁၇ ရက်စွဲပါစာအမှတ်၊၃၉၉/ရွေးချယ်ရေး(အဓိက)၂၀၁၇ဖြင့်ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၆။ ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေ ၁၅ ကို ကျင့်သုံးလျက် ရေးဖြေစာမေးပွဲ စစ်ဆေးခြင်းမပြုဘဲ စိတ်အခြေအနေစစ်ဆေးခြင်းကို ၂၁-၁၀-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းကို ၂၂-၁၀-၂၀၁၈ ရက်နေ့တွင်လည်းကောင်းစတင်မည်ဖြစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်တွင်ကျင်းပမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်နေ့ရက်များကို တစ်ဦးချင်းစီသို့ စာဖြင့်အကြောင်းကြားပေးပို့မည်ဖြစ်ပါသည်။ နေ့ရက်အလိုက်လူတွေ့စစ်ဆေးခြင်းခံယူမည့်သူများ၏ ခုံအမှတ်၊ အမည်စာရင်းတို့ကို အဖွဲ့၏ Website နှင့် Facebook တို့တွင် ၈-၁၀ -၂၀၁၈ ရက်နေ့မှ စတင်ကြေညာပေးမည်ဖြစ်ပါသည်။

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်း အမှတ်၊ ၀၆၇ - ၃၄၀၉၀၅၂ နှင့် ၀၆၇ - ၃၄၀၉၄၃၀)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၈။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm ၊ www.ucsb.gov.mmနှင့် Facebook Page ဖြစ်သောUnion Civil Service Board Myanmar တို့တွင်ဖော်ပြထားပါသည်။